ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

စတုတ္ထနေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက် )**

**[ကြာသပတေးနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**တစ်နေ့တာနေ့တွက်စရိတ်လှူဒါန်းခြင်း**

၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ကျရောက်နေသည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၃။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ပွင့်လင်းသောအစိုးရအဖွဲ့ဝင် (Open Government Partnership) ဖြစ်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင် က လက်ငင်းအချိန်တွင် မြန်မာနိုင်ငံသည် OGP အဖွဲ့ဝင်မဟုတ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် OGP စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်ရှိအစိုးရထံ အာဏာလွှဲပြောင်းခြင်းမပြုမီ ယခင်အစိုးရက (၂၉-၃-၂၀၁၆)ရက်စွဲပါ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆) ဖြင့် ပွင့်လင်းသော အစိုးရအဖွဲ့ဝင် (Open Government Partnership) ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖျက်သိမ်းခဲ့၍ ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း၊ ပျက်ပြယ်ခြင်းမရှိသည့် ကိစ္စများကို ဆက်လက်ဆောင်ရွက်သင့်က ဆောင်ရွက်နိုင်ပါကြောင်းနှင့် ပယ်ဖျက်ပြီး၊ ဖျက်သိမ်းပြီး၊ ပျက်ပြယ်ပြီးဖြစ်သည့် ကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

(ခ) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဆည်သုံးတန်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ်

ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်မှုများနှင့် ကိုက်ညီမှုရှိခဲ့ပါသဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် (၂၅-၅-၂၀၁၈)ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်၏ ဒေသဖွံ့ဖြိုးရေးအတွက်တာဝန်ယူ၍ ကျောင်းအဆင့်တိုးမြှင့်ပေးရန် ပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် သက်ဆိုင်ရာကျောင်းအဆင့်အသီးသီးသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ဖြေကြားသည်။

(ဂ) ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ၁၈၈၅ ခုနှစ်ကတည်းက တည်ဆောက်ဖွင့်လှစ်ခဲ့သော Government High School အ.ထ.က(၁) မူလကျောင်းဟောင်းသို့ လက်ရှိ အ.ထ.က(၁)မှ ကျောင်းသူ / ကျောင်းသားများကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြောင်းရွှေ့ပညာသင်ကြားနိုင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် မြို့သူမြို့သားများ၊ အ.ထ.က(၁) ကျောင်းသူ/ကျောင်းသားဟောင်းများ၏ အစီအစဉ် ရန်ပုံငွေဖြင့် ကျောင်းဆောင်ဟောင်းအား ကြံ့ခိုင်မှုအာမခံနိုင်အောင်ထိပြုပြင်၍ ပညာသင်ကြားနိုင်ရန် လွှဲပြောင်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က အဆင့်မြင့်ပညာဦးစီးဌာနမှ အခြေခံပညာဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးထားခဲ့သော စစ်တွေမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်ဟောင်းအား ကျောင်းသူ/ကျောင်းသားဟောင်းများ၏အစီအစဉ် ရန်ပုံငွေဖြင့် အာမခံနိုင်သည်အထိ ပြုပြင်မွမ်းမံဆောက်လုပ်ပြီးပါက ကျောင်းဆောင်ဟောင်း၏ ကြံ့ခိုင်မှုအား အင်ဂျင်နီယာအတည်ပြုထောက်ခံချက်အပေါ် မူတည်၍ ကျောင်းသူ/ကျောင်းသားများ တက်ရောက်စာသင်ကြားပါက ခံနိုင်ရည်ရှိ/မရှိအား ထပ်မံစစ်ဆေးအဆည်ပြုပြီးမှသာ ပြောင်းရွှေ့သင်ကြားခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မြို့မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် မီးဝကျေးရွာနှင့် ဂုပ္ပိထောင့်ကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့ကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် သတ်မှတ်ချက်မှုများနှင့် ကိုက်ညီမှုရှိခဲ့သည့်အတွက် (၂၅-၅-၂၀၁၈) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ယူ၍ ကျောင်းအဆင့်တိုးမြှင့်ပေးရန် ပူးပေါင်းဆောင်ရွက်ပေးမှုဖြင့် သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွန်းချေကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ်**

**ဆောက်လုပ်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က အန္တရာယ်ရှိကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး (၆၀x၃၀)ပေ Steel Structure သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ဆောင် အသစ်ဆောက် လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး)(၆)လ ဘတ်ဂျက်တွင် လုပ်ငန်းတန်ဖိုး (၂၅%) အဖြစ် ခွဲဝေဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်း**

၄။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးသည်။

၅။ အစည်းအဝေးကို ၁၁း၀၂ နာရီအချိန်တွင် ရပ်နားပြီး ပဋ္ဌမနေ့ အစည်းအဝေးကို ၃-၈-၂၀၁၈ ရက်နေ့ (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**